ညောင်ကုန်းကျေးရွာ

ညောင်းကုန်းကျေးရွာအုပ်စု

အင်းတော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈-၂၀၁၉)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ကုန်းကျေးရွာ၊ အင်းတော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊စက်တင်ဘာလ ရက်

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁-၂
(က) လူဦးရေဆိုင်ရာအချက်အလက်များ
(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျား-မဆိုင်ရာဆက်နွယ်မှု
၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၂-၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၄-၄
အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ
(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၄-၅
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ၅-၅
ဆောင်ရွက်မည့်အချိန်ကာလ
(က) ညောင်ကုန်း ကျေးရွာ ဦးစားပေးစီမံချက်လုပ်ငန်းများ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ
၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၆-၆
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ဇယား

၉။ နောက်ဆက်တွဲများ

(၁) စီမံကိန်းဇယားများ

(၂) ကျေးရွာအရင်းအမြစ်ပြမြေပုံ

(၃) ရာသီခွင်ပြ ပြက္ခဒိန်

(၄) Venn Diagram

(၅) **စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ**

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု၊ ဦးစီးဌာန၊ နိုင်ငံတော်၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်၊ ကျေးရွာသူ၊သားများ ဖြစ်ချင်သော ဆန္ဒကို ကျေးရွာသူ၊သားများ ကိုယ်တိုင် စီမံချက်ရေးဆွဲခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် အောင်မြင်သောစီမံကိန်းတစ်ရပ်ဖြစ်တည်လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

ရည်ရွယ်ချက်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဆွေးနွေးဆုံးဖြတ်၍ လုပ်ငန်းစဉ်မှ ထွက်ပေါ်လာသည့် သတင်းအချက်အလက်များဖြစ်သည့် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများ၊ ရင်ဆိုင်နေရသောပြဿနာများ၊ ဖြေရှင်းရမည့်နည်းလမ်းများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ အားစီမံကိန်းရေးဆွဲရေးအထောက်အကူပြုဇယားများတွင် တိကျမှန် ကန်စွာဖြည့်သွင်း၍ ထည့်သွင်းရေးဆွဲထား ခြင်းဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်အားရေးဆွဲခြင်းအားဖြင့် မိမိတို့ကျေးရွာ၏ လက်ရှိအနေအထား၊ အားနည်းချက် အားသာချက်နှင့် နောင်အနာဂတ်တွင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ လိုအပ်ချက်များကို နိုင်ငံတော်မှဖွဲ့စည်းထား သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ရှိတာဝန်ရှိအကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သည့် အဖွဲ့အစည်းများ ကျေးရွာသို့လာရောက်ပါက သိရှိနိုင်ရန်နှင့် မိမိတို့ကျေးရွာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေ ရန် ရည်ရွယ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ညောင်ကုန်းကျေးရွာသည် ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီးနှင့် (၂)ဖာလုံခန့်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပါသည်။မဲဇာချောင်းနှင့်တစ်မိုင်ခန့်အကွာ ဝေးပြီး ရွာတန်းရှည်ဖြင့် တည်ရှိပါသည်။

ညောင်ကုန်းကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင် ကြပါသည်။ မြေဆီဩဇာကောင်းမွန်သော လယ်ယာမြေများဖြစ်သည့်အတွက် စပါး၊မြေပဲ၊နှမ်း၊နေကြာ စသည်တို့ကို အဓိကထား၍ စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေဩဇာကောင်းမွန်သောဒေသဖြစ်၍ လယ်ယာမြေ(၃၅၀)ဧကခန့်ရှိပြီး စပါးကို အဓိကစိုက်ပျိုး ပါသည်။ မိုးရေကိုအားကိုးစိုက်ပျိုးရသော လယ်မြေများဖြစ်ပါသည်။ စိုက်ပျိုးရေးအလွယ်တကူ သွယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးပါက သီးနှံ အထွက်နှုန်းတိုးမြှင့်ရရှိနိုင်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၈၈)၊ အိမ်ခြေ(၈၈)နှင့် ကျား(၂၄၆)၊ မ(၂၄၇)ဦးဖြင့် လူဦးရေစုစုပေါင်း (၄၉၃)ဦးနေထိုင်ကြပါသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုအဓိကထား ကိုးကွယ်ကြသည်။ ကျေးရွာတွင် အမျိုးသမီးဦးရေများ၍ မိုခိုသူဦးရေများပြားပြီးအလုပ်လုပ်ကိုင်သူဦးရေနည်းပါးပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရစီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ အသင့် အတင့်သာရှိပါသည်။ ကျေးရွာတွင် လယ်မြေအများစုမှာ မိုးရေကိုအဓိကအားထား၍ စိုက်ပျိုးသောကြောင့် စီးပွားရေး မှာ ကောင်းသင့်သလောက်မကောင်းပေ။ယခုတွင် သီးနှံထွက်နှုန်းမှာ ပျမ်းမျ ၁ဧကလျှင်(၈၅)ရာခိုင်နှုန်းရှိပြီး လယ်မြေများသို့ ချောင်းရေများကို ခေတ်မှီစက်ကိရိယာများဖြင့် သွယ်ယူစိုက်ပျိုးနိုင်လျှင် ၁ဧကလျှင်(၁၀၀)ရာခိုင်နှုန်း

အထွက်တိုးနိုင်ပါသည်။ ကျေးရွာတွင် ဆင်းရဲအဆင့်သည် မြေယာအနည်းငယ်ပိုင်ဆိုင်သူများ လက်လုပ် လက်စားနှင့် မြေယာမဲ့များ ပါဝင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့များမှာ ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ကျပန်းလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ ကျေးရွာမှ လက်လုပ်လက်စားသမားများသည် ပြင်ပဝင်ငွေရရှိရန် ထီးချိုင့်မြို့နယ်သို့ ကြံခုတ်သွားခြင်း၊ မြစ်ကြီးနားမြို့သို့ ငှက်ပျောစိုက်ခင်းသို့သွားရောက်ခြင်း၊ ဖားကန့်ကျောက်တူးသွားခြင်းများ ရှိပါသည်။ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါက စားဝတ်နေရေးပို၍ အဆင်ပြေနိုင်ပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာ၏ရပ်ရွာမှ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ မရှိပါက အရေးပေါ်ဖြစ်လာပါက (၃)မိုင်ခန့် ကွာဝေးသော တိုက်နယ် ဆေးရုံသို့ သွားရောက်ကုသရပါသည်။ မွေးကင်းစ ကလေးငယ်များအား ကာကွယ်ဆေးမှစ၍ အခြားသော ကာကွယ်ဆေးများကိုလည်း ကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ တိုက်ကျွေးထိုးနှံပေးပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် မူလွန်ကျောင်း(၁)ကျောင်းရှိပြီး ကျေးရွာသူ၊သားအများစုသည် အခြေခံစာရေး၊ စာဖတ် တတ်မြောက်ကြပြီး ဘွဲ့ရပညာတတ်များ အနည်းငယ် ရှိပါသည်။ ဘွဲ့ရပညာတတ်များ ရှိသော်လည်း အသက်မွေး ဝမ်းကျောင်း ပညာကျွမ်းကျင်မှု မှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ မြို့ပေါ်သို့ သွားရောက်ရှာဖွေကြရပါသည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ညောင်ကုန်းကျေးရွာတွင် ရပ်ကျိုး ရွာကျိုးကိစ္စရပ်များ၌ အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု ရှိပါသည်။ အမျိုးသမီးရေးရာအဖွဲ၌များနှင့် ကိုယ်ထူကိုယ်ထ လူငယ်အဖွဲ့အစည်းများလည်း ရှိပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ စသည့် ဆိုးကျိုးများမရှိ၍ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာအတွက် လူထုအသိအမြင်ရရှိရေး ဆွေးနွေးပွဲများရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာအဖွဲ့များနှင့် ပညာရေးဆိုင်ရာအ ဖွဲ့များ ရှိကြပြီး အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ ချိတ်ဆက်မှုရှိကြပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကူညီရိုင်းပင်းဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြသည်။ သီးနှံထုတ်လုပ်မှုအားကောင်းသော်လည်း ကုန်စည်ရောင်းဝယ်ဒိုင်နှင့် အလှမ်းဝေးသောကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။ တောင်သူအများစုသည်

လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု လုပ်အားခ အဆမတန်တောင်းဆိုမှုများကို ကြုံတွေ့နေရသည်။ ကျေးရွာတွင် စီးပွားဖြစ်မွေးမြူသူများမရှိပါ။တနိုင်တပိုင် မွေးမြူသူများသာရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ မွေးမြူရေးတိုးချဲ့ဆောင်ရွက်ရန် ငွေကြေးအလွယ်တကူမရနိုင်ပါ။

(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရာသီအလိုက် ကောက်စိုက်အငှါးလိုက်ခြင်း၊ စပါးအငှါးရိတ်ခြင်း၊ မြေပဲအငှါးကောက်ခြင်း၊ လယ်သမားအငှါးလိုက်ခြင်း၊ ပန်းရံအငှါးလိုက်ခြင်း စသည့်လုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။လယ်ယာလုပ်ငန်းပြီးဆုံးသွားပါက အခြားမြို့နယ်များသို့ ကျပန်းအလုပ်များ သွားရောက်လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်သူအများစုသည် ပိုးသတ်ဆေးများ၊ မြေဆီဩဇာ ပိုမိုကောင်းမွန်ရန် သီးနှံအထွက်တိုးရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေးဌာနမှ ထုတ်လုပ်သော ပုလဲ၊ မြေဩဇာများ အသုံးပြုကြပါသည်။ ခါတ်မြေဩဇာသုံးစွဲရန် ငွေကြေးကုန်ကျမှုများသဖြင့် အသင့်အတင့်သာ သုံးစွဲနိုင်ပါသည်။အချို့တောင်သူများမှလည်း နေကြာခွံ၊ မြေပဲခွံ၊ နွားချေး၊ ဝက်ချေး၊ ကြက်ချေးစသည်တို့ကို မြေဆီဩဇာ ထိန်းသိမ်းရန် အလို့ငှါ စပါးစိုက်ပျိုးခင်းလယ်ထဲသို့ ထည့်လေ့ရှိကြပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာ၌ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ကာလလတ်ချေးငွေအဖြစ် (၆)လမှ (၁)နှစ်ထိ ငွေ(၁၀၀)ကျပ်လျှင် (၈၅)ပြားနှုန်းဖြင့် ချေးယူကြသည်။ သမဝါယမချေးငွေမှလည်း ကာလတိုချေးငွေ (၃-၆)လအတွင်း (၁.၅)နှုန်းဖြင့် ချေးယူနိုင်သည်။ ရွာသားအများစုသည် ချေးငွေကို ပညာရေး ကျန်းမာရေးနှင့် စားနပ်ရိက္ခာအတွက် ချေးယူကြပါသည်။စိုက်ပျိုးရေးအရင်းအနှီးအဖြစ်လည်း သုံးကြပါသည်။သီးနှံများမအောင်မြင်သောရာသီများတွင် ပေါင်နှံရောင်းချပြီး ဖြေရှင်းကြရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာရေး၌ မူလွန်ကျောင်းသာရှိပြီး အထက်တန်းကျောင်းနှင့် (၃)မိုင်ခန့်အကွာရှိပါသည်။ ကျေးရွာတွင် ဆေးပရဟိတအဖွဲ့မရှိပါ။ ကျန်းမာရေးဌာနမှ ဆရာမများလာရောက်ပါသည်။ တကိုယ်ရည်သန့်ရှင်းရေးနှင့် အိမ်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစာအုပ်စု(၃)မျိုးမျှတစွာ စားသုံးရေး၊ ယင်လုံအိမ်သာသန့်ရှင်းရေး စသည့်ဟောပြောပွဲများ၊ စစ်ဆေးရေးများ ပြုလုပ်လေ့ရှိပါသည်။ ကျေးရွာတွင် ရေရရှိမှုမှာ အဝီစိတွင်း ၊ စက်တပ်၊ ရေတွင်းနှင့် တုံကင်စသည်တို့ကို အသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးကိစ္စရပ်များတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။ထို့ပြင် မိဘများအား လူငယ်များကို နည်းလမ်းမှန်ကန်စွာ ဆုံးမတတ်စေရန် သင်တန်းများပို့ချပေးခြင်း၊ ဘာသာယဉ်ကျေးမှုအတွက် ဓမ္မစကူးလ် သင်တန်းပို့ချပေးခြင်းများအား

လုပ်ဆောင်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု

ကျေးရွာတွင် တယ်လီဖုန်းလိုင်းများရှိပြီး တာဝါတိုင်များ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းစသော ဆက်သွယ်ရေးဆိုင်ရာများမရှိပါ။ အခြေခံအဆောက်အဦးများအနေဖြင့် ကြမ်းခင်း၊သွပ်မိုး၊ ထရံကာ၊ ပျဉ်ထောင်၊အုတ်တိုက်၊ တစ်ထပ်၊နှစ်ထပ်စသည်တို့နှင့် နေထိုင်ကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် အဆင့်ဆင့် အပိုင်းအလိုက် အုပ်ချုပ်ထားသောကြောင့် တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် သဘာဝရေမြေရာသီဥတုအနေအထား သင့်တင့်မျှတပြီး လယ်ယာမြေ အသုံးချနိုင်မှု မှာ ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအရင်းအမြစ်အား အသင့်ရရှိပြီး သီးနှံမျိုးစေ့၊ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ လည်းရရှိပါသည်။ စိုက်ပျိုးရေးအား အလွယ်တကူရရှိပါက သီးနှံများ အထွက်နှုန်းတိုးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အား ကောင်းလာပါမည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုရှားပါးခြင်း၊ ရေအရင်းအမြစ်အလွယ်တကူမရရှိနိုင်ခြင်း၊ လုပ်အားခအဆမတန်များပြားခြင်း၊ လယ်ယာပိုင်ရှင်များမှာ လုပ်အားခနှင့် အရင်းအနှီးငွေတို့ကြောင့် အကျိုးအမြတ်အနည်းငယ်သာခံစားရခြင်း စသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတား ဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး၊ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အတူတကွစုပေါင်းဆောင်ရွက်ခြင်းဖြင့်စည်းလုံး ညီညွတ်သော ကျေးရွာ ဖြစ်လာ စေရမည်

(၂) မိမိတို့နေထိုင်သောကျေးရွာသည် တောင်သူလယ်သမားများ များပြားသည့်အတွက် လက်မှုလယ်ယာမှသည် နည်းပညာမြင့် စက်မှုလယ်ယာသို့ ပြောင်းလဲတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေချေး

လုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) ညောင်ကုန်းကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

စီမံချက်	အကဲဖြတ်အမှတ်ပေး သူ(၁)	အကဲဖြတ်အမှတ်ပေး သူ(၂)	အကဲဖြတ်အမှတ်ပေး သူ(၃)	အကဲဖြတ်အမှတ်ပေး သူ(၄)	အကဲဖြတ်အမှတ်ပေး သူ(၅)	အကဲဖြတ်အမှတ်ပေး သူ(၆)	အကဲဖြတ်အမှတ်ပေး သူ(၇)	အကဲဖြတ်အမှတ်ပေး သူ(၈)	အကဲဖြတ်အမှတ်ပေး သူ(၉)	အကဲဖြတ်အမှတ်ပေး သူ(၁၀)	စုစုပေါင်း	အဆင့်
၁	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂	၉	၈	၈	၈	၉	၆	၆	၅	၆	၆	၇၁	၂
၃	၈	၉	၉	၆	၈	၅	၅	၄	၉	၇	၇၀	၃
၄	၅	၆	၆	၇	၇	၄	၇	၃	၆	၆	၅၇	၄
၅	၇	၅	၂	၄	၅	၉	၈	၆	၇	၃	၅၆	၅
၆	၅	၃	၃	၂	၁၀	၄	၄	၂	၄	၄	၄၁	၆
၇	၅	၂	၇	၅	၂	၁၀	၂	၂	၁	၂	၃၈	၇

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၁) ညောင်ကုန်းကျေးရွာနှစ်အလိုက်စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ရွာတွင်းလမ်းအား ဂျင်းခင်းခြင်းနှင့် ကျောက်စီရေမြောင်းဆောင်ရွက် ခြင်း	၁	✓				
၂	ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း	၂		✓			
၃	စိုက်ပျိုးရေလှောင်ဆည်တည်ဆောက်ခြင်း	၃			✓		
၄	သန့်ရှင်းသောသောက်သုံးရေလှောင်ကန်တည်ဆောက်ခြင်း	၄			✓		
၅	အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း	၅				✓	
၆	သစ်သားတံတားတည်ဆောက်ခြင်း	၆				✓	
၇	အမှိုက်ကင်းစင်ကျေးရွာအဖြစ်ဆောင်ရွက်ခြင်း	၇		✓			

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) အင်းတော်မြို့နယ်၊ ညောင်ကုန်းအုပ်စု၊ ညောင်ကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဝင်းလှိုင်	ဦးကျော်စိန်	၅။အတန(နိုင်)၀၇၄၅၄၁	၅၂	ဥက္ကဋ္ဌ	၀၉-၇၈၀၈၀၉၅၅၇၁
၂	ဦးကျော်စိုး	ဦးဘညို	၅။အတန(နိုင်)၀၆၈၄၉၉၃	၄၅	အတွင်းရေးမှူး	၀၉-၇၆၂၅၅၉၀၂၁
၃	ဒေါ်သေးသွယ်	ဦးချစ်ဖေ	၅။အတန(နိုင်)၀၇၂၉၄၇	၃၉	ဘဏ္ဍာရေးမှူး	၀၉-၄၅၅၀၃၁၉၃၈
၄	ဦးမျိုးဝင်းကို	ဦးမြဝင်း	၅။အတန(နိုင်)၀၆၅၅၆၁	၃၄	စာရင်းကိုင်	၀၉-၄၀၀၁၅၆၀၂၃
၅	ဒေါ်စန်းဦး	ဦးတင်ဖေ	၅။အတန(နိုင်)၀၅၆၂၈၀	၄၅	သေ့ကိုင်(၁)	၀၉-၄၂၁၂၈၁၀၅
၆	ဒေါ်ကြေ	ဦးစံဖေ	၅။အတန(နိုင်)၀၃၀၇၄၉	၅၂	သေ့ကိုင်(၂)	၀၉-၉၆၃၃၀၆၆၂၅
၇	ဒေါ်တင်ဇော်ဝင်း	ဦးသန်းဝင်း	၅။အတန(နိုင်)၀၉၉၃၈၈	၂၅	အဖွဲ့ဝင်	၀၉-၄၄၈၁၃၈၆၅၇
၈	ဦးဇော်မျိုးထွန်း	ဦးဆန်းမောင်	၅။အတန(နိုင်)၀၇၂၉၆၂	၃၆	အဖွဲ့ဝင်	၀၉-၄၂၉၃၇၁၁၁၂
၉	ဦးစိုးအောင်	ဦးဗိုကြည်	၅။အတန(နိုင်)၀၅၆၂၅၉	၄၄	အဖွဲ့ဝင်	၀၉-၈၉၉၄၇၉၁၃၃၆


(ခ) ညောင်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ဇယား

စဉ်	အခက်အခဲနှင့်ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှုများ	ဖြေရှင်းရမည့်နည်းလမ်း	စီမံချက်များနှင့်လုပ်ငန်းများ
၁	မြေသားလမ်းဖြစ်၍မိုးရာသီတွင်ရွံ့ဗွက်များဖြင့်သွားလာရန်ခက်ခဲခြင်း	နွားလှည်းများ၊ထော်လာဂျီများသွားလာ၍ပျက်စီးခြင်း	ဂျင်းမြေများအားအနီးနားမှသယ်ယူနိုင်ခြင်း၊လုပ်အားများကူညီပေးနိုင်ခြင်း		မြေသားလမ်းမှဂျင်းလမ်းသို့အဆင့်မြှင့်တင်ရန်၊ရေနူတ်မြောင်းများဆောင်ရွက်ရန်	ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ရွာသူ၊သားများပူးပေါင်းဆောင်ရွက်သွားပါမည်။
၂	အရေးပေါ်အခြေအနေများတွင်(၃)မိုင်ခွဲခန့်ရှိသောဆေးပေးခန်းသွားရောက်ရခြင်း	ဆေးပေးခန်းနှင့်အလှမ်းဝေးခြင်း၊ကျေးရွာမှဌေးကြေးမတတ်နိုင်ခြင်း	ရပ်ရွာလုပ်အား ထည့်ဝင်နိုင်ခြင်း၊ သဲ၊ကျောက်များရရှိနိုင်ခြင်း၊ဆေးခန်းမြေနေရာရှိခြင်း	-	ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း	နှစ်အလိုက် ဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီးသက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်။
၃	စိုက်ပျိုးရေအလုံအလောက်မရှိခြင်း၊	မိုးရေကိုသာအဓိကအသုံးပြုရသောကြောင့်မိုးရေလှောင်ကန်မရှိခြင်း	ကျေးရွာမှလူအင်အား၊ရရှိနိုင်ခြင်း၊ သဲကျောက်များရရှိနိုင်ခြင်း၊ချောင်းငယ်ရှိခြင်း	-	ရေလှောင်ကန်တည်ဆောက်ခြင်း	နှစ်အလိုက် ဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီးသက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်။
၄	သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း	နွေရာသီရေခမ်းခြင်း၊ရေဆီများပါခြင်း၊	သဲ၊ ကျောက်၊ လုပ်သားအင်အားများ စိုက်ထုတ်နိုင်ခြင်း၊ စိမ့်စမ်းရေသွယ်ရန် ရေဆို့ရှိခြင်း	-	စိမ့်စမ်းရေသွယ်ယူခြင်း(၂)မိုင်	နှစ်အလိုက် ဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီးသက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်။

၅	ရွာထဲ၌ကျောင်းနေအရွယ်များပြားပြီးအလယ်တန်းအဆင့်သို့(၃)မိုင်ခွဲခန့်သွားရခြင်း	မူလွန်အဆင့်သာရှိ၍ ကျောင်းသား/သူများပြားခြင်း၊	ကျေးရွာမှလူအင်အား၊ အလှူငွေများရရှိနိုင်ခြင်း၊ ဆရာမအလုံအလောက်ရှိခြင်း		အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း	နှစ်အလိုက် ဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။
၆	ရာသီမရွေးသွားလာရန်ခက်ခဲခြင်း၊တံတားကြံခိုင်မှုမရှိခြင်း၊	တံတားခိုင်ခံမှုအားနည်းခြင်း၊မိုးတွင်း၌တံတားမျောပါခြင်း	သစ်များရရှိနိုင်ခြင်း၊ လုပ်အားများရရှိနိုင်ခြင်း၊		ခိုင်ခန့်သောသစ်သားတံတားတည်ဆောက်ခြင်း	နှစ်အလိုက် ဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။
၇	မီးဘေးလုံခြုံမရှိခြင်း၊ရွာတွင်းသန့်ရှင်းမှုမရှိခြင်း၊	အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်မှုကြောင့်ကျေးရွာပတ်ဝန်းကျင်ညစ်ညမ်းခြင်း	ကျေးရွာမှ ရွာသူ၊သားများစည်းလုံးညီညွတ်စွာပူးပေါင်းပါဝင်နိုင်ခြင်း		အမှိုက်ပုံးများထားကာစွန့်ပစ်ပစ္စည်းများစနစ်တကျသွားရောက်စွန့်ပစ်တတ်စေရန်ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း	နှစ်အလိုက် ဆောင်ရွက်မည့် စီမံချက်ရေးဆွဲပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ(၂)


ညောင်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ


ဘုရားကျောင်းအုပ်စု ဘုရားကျွန်းမွာ သဘာဝအရေးပေါ်ခြေလှမ်း
30.1.2014
မြစ်ကြီးနားဘို့ ←→ မျောက်ဘို့
မြောက်
အရှေ့
တောင်
အနောက်
ဆင်းသက်ရာဘုရားကျောင်း
ဘုရားကျောင်းသို့
ယာယီတံတားသို့
ပြေလည်ရေးအဖွဲ့
- ဓာတ်မီးတိုင်
- ရေတွင်း
- အိမ်
- တံတား
- သစ်ပင်
- ယာယီတွင်း
- ကောင်းကွင်း
- ငပေါက်ချောင်း
- သဘာဝကန်
- နတ်စင်နှင့်ဝိုက်ဝန်း
- ဘုရားတော်
- ဘုန်းကြီးကျောင်း
- ချောက်
- ဆုခံ
- ရေကြာ
- ရေချိုး
- မြေပဲ
- ဟစ်ဆွတ်တဲ
- သစ်ပိုင်း
- လမ်း
- ခြေလှမ်း

ညောင်ကုန်းကျေးရွာရာသီခွင်ပြပြက္ခဒိန်



ညောင်ကုန်းကျေးရွာ Venn Diagram



စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ညောင်ကုန်းကျေးရွာ ကျေးရွာအုပ်စု - ညောင်ကုန်းအုပ်စု မြို့နယ် - အင်းတော်မြို့နယ် တိုင်းဒေသကြီး /ပြည်နယ် - စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ရွာတွင်းလမ်းအားကျင်းခင်းခြင်းနှင့်ကျောက်စီရေမြောင်းဆောင်ရွက်ခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ -ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာ၍အဆင်မပြေနိုင်အောင် ဆိုးရွာစွာပျက်စီးပါသည်။နွေရာသီတွင်လည်း ဆိုင်ကယ်၊စက်ဘီးများ သဲပေါ်၍ သွားလာရခက်ခဲပါ သည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) အခြားရွာများသို့သွားလာရာတွင် ညောင်ကုန်းကျေးရွာအား ဖြတ်သွားရသောကြောင့် လက်ရှိလမ်း ကိုဂျင်းခင်းမည်ဆိုပါက ရွာသူရွာသားများသာမက ခရီးသွားအများအပြားလည်း အခက်အခဲမရှိ သွားလာရန်၊
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) လက်ရှိလမ်းအား အဆင့်မြင့်တင်ဆောင်ရွက်ပြီးပါက ကျေးရွာနေပြည်သူများ သာရေး၊နာရေး၊ စီးပွားရေးအတွက် အဆင်ပြေသွားလာဆောင်ရွက်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးတွင်လည်း အခက် အခဲမရှိချောမွေ့စွာ လုပ်ဆောင်နိုင်ခြင်း၊ ကျေးရွာတွင်းရှိ ရွာသူ/သားများနှင့် ကျောင်းသား/သူများ လည်း စိတ်လက်ချမ်းသာစွာ

လိုရာခရီးသွားရောက်နိုင်ခြင်း၊

နောက်ဆက်တွဲ(၃)အဆက်

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ကျေးရွာတွင်း လမ်းများ ဂျင်းခင်းခြင်းနှင့်ကျောက်စီရေမြောင်းဆောင်ရွက်ခြင်း ခန့်မှန်းကုန်ကျငွေ ကျပ် (၁၅၇၆၀၀၀/-) ဂျင်းခင်းခြင်းအတိုင်းအတာ - (၅၃၀၀'× ၁၂'× ၀' -၆") ကျောက်စီရေမြောင်းဆောင်ရွက်ခြင်းအတိုင်းအတာ - (၁၀၀'×၁၆'×၀'-၁")

ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀ (ငွေသား) • ၅၇၆၀၀၀ (ငွေသား)	• ကျေးလက်ဦးစီး • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၄၆	၂၄၇	၄၉၃	၁၁	၂၆	၂၀	၃၁	၈၈
အကျိုးခံစားမည့် ဦးရေ	၂၄၆	၂၄၇	၄၉၃	၁၁	၂၆	၂၀	၃၁	၈၈
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက် စတင်မည့်အချိန်(ခန့်မှန်း) ၂၀၁၉ခုနှစ်၊ မတ်လ
(၃) စီမံချက် ပြီးစီးမည့်အချိန် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ(၃၁)

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်
ကျေးရွာမှ လုပ်အား၊ ငွေကြေး၊ သဲ၊ ကျောက်များထည့်ဝင်လှူဒါန်းသွားပါမည်။
လုပ်အားပေးသူများအတွက်လည်း အာဟာရဒါများကူညီလှူဒါန်းသွားပါမည်။

နောက်ဆက်တွဲ(၃)အဆက်

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက်
အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်
ရာအစီအစဉ်များ

- ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုပြင်ထိန်းသိမ်းရေးအတွက် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ပေးသောအဖွဲ့အစည်းမှ တာဝန်ယူထိန်းသိမ်းသွားပါမည်။
- အကယ်၍ ပျက်စီးပါက ကျေးရွာရန်ပုံငွေနှင့် အလှူငွေများမှ ထည့်ဝင်ကာ ထိန်းသိမ်း ပြုပြင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၅	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၉	၁၇	၃၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၆	၃၁	၄၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၆	၂၄	၅၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၂	၁၄၅	၃၁၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၂၅	၃၃
စုစုပေါင်း		၂၄၆	၂၄၇	၄၉၃
စုစုပေါင်း အိမ်ထောင်စု		၈၈		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လူဦးရေတိုးတက်လာသည့်နှင့်အမျှ အလုပ်လုပ်ကိုင်သူဦးရေများပြားသော်လည်း အလုပ်အကိုင်ရှားပါးနေခြင်းကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများမှာ အနည်းငယ်သာ ရှိပါသည်။

---

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်)
လယ်မြေ	၃၉၁	ကောင်း	ရ	ချောင်း
ယာမြေ	၆၄	သင့်	ရ	ချောင်း
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်းစိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်)
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၄၅၅			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား- ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။လယ်မြေများမှာမြေဆီလွှာကောင်းမွန်ပြီး ယာမြေတို့မှာ မကောင်းပါ။လယ်ယာအတွက် စိုက်ပျိုးရေရရှိမှုမှာ မိုးရေလုံလောက်ခြိန်တွင် လွယ်ကူပြီး

မိုးရေမရခြိန်တွင် လယ်မြေယာမြေအတွက် ရေရရှိမှုမှာ ခက်ခဲကြောင်းတွေ့ရှိရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	သင့်	လွယ်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ		
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျှအပူချိန် -	ပျမ်းမျှ မိုးရေချိန် -	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ မဲဇာချောင်းတွင်သဲရရှိမှုမှာ အသင့်

အတင့်ရှိပါသည်။ တိရစ္ဆာန်မျိုးစိတ် အသင့်အတင့်ရှိပြီး အပင်မျိုးစိတ်ရရှိမှုမှာ (အင်၊ အင်ကြင်း၊ သစ်အယ်)

စသည့်အပင်များများ နည်းပါးပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	စီးပွားရေး အခြေခံသော အဖွဲ့	၁☐ ၂☒ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	စိုက်ပျိုးမွေးမြူရေးကိုတိုးတက်အောင်လုပ်ဆောင်နိုင်ခြင်း၊ သာရေး နာရေးလူမှုဖွံ့ဖြိုးရေးကို ကူညီ ဆောင်ရွက်ပေးခြင်း
၂	လူမှုရေး အဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ပညာရေးကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ပညာရေး အတွက်ငွေကြေးထောက်ပံ့ခြင်း
၃	ဘာသာရေး နှင့်ယဉ်ကျေးမှုအဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ယဉ်ကျေးမှုထုံးတမ်းစဉ်လာ မပျက်စေဘဲကူညီပေးခြင်း၊ဘာသာရေးနှင့် လူမှုဖွံ့ဖြိုးရေးတို့တွင်ပါဝင်ဆောင်ရွက်ခြင်း
၄	အားကစားအဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☒ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	စိတ်ဓါတ်၊စည်းကမ်း၊ကျန်းမာရေး ဖွံ့ဖြိုးစေရန်၊
၅	ဓမ္မစကြာအဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သာသနာပျံ့ပွားစေရန်
၆	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သာသနာရေးနှင့်ရပ်ရွာအပေါ်ထိန်းသိမ်းစောင့်ရှောက်ခြင်း
		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။

။လူထုအခြေပြုအဖွဲ့များမှာလူမှုရေးနှင့်
ဘာသာရေးယဉ်ကျေးမှုအဖွဲ့များသာဖြစ်သည်။

စီးပွားရေးအခြေခံသောအဖွဲ့အစည်းများမရှိပါ။အဖွဲ့အစည်း
များမှာ ရန်ပုံငွေမရှိ၊ စနစ်တကျဖွဲ့စည်းမှုမရှိခြင်းစသည့်တို့ကြောင့်
လုပ်ဆောင်မှုများအားနည်းလာပါသည်

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧကအထက်	၅ဧကနှင့်အထက်	၅ဧကအောက်	မြေယာနည်း/မရှိ
အိမ်အခြေအနေ	နှစ်ထပ်တိုက်သွပ်မိုး	ပျဉ်ထောင်ကာသွပ်မိုး	သွပ်မိုးထရံကာ	ထရံကာသက္ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်၊ဆီစက်၊ ထွန်စက်ကြီး၊ ကားကြီး၊ကျွဲ၊နွား	သုံးဘီး၊ထွန်စက်သေး၊ ကျွဲ၊နွား၊နွားလှည်း	လှည်း၊နွား၊ကျွဲ	နွား/မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ဆီစက်၊ဆန်စက်၊ ကုန်စုံဆိုင်၊ တောင်သူကြီး	တောင်သူလတ်၊ စက်ချုပ်ဆိုင်၊ ကုန်စုံဆိုင်	တောင်သူငယ်၊ အငှါးလိုက်ခြင်း၊	လက်လုပ်လက်စား၊ ကျပန်း
အိမ်ထောင်စု	၁၁(၁၁%)	၅၅(၅၅%)	၂၆(၂၆%)	၁၈(၁၈%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။

။ဥစ္စာဓနအဆင့်ကွာခြားမှုသည်အလွန်
မပြေလည်သောမိသားစုမှာ ရွာအိမ်ခြေ၏ ၁၄ရာခိုင်နှုန်းအထိ များပြားသည်။ စပါးစိုက်ဧကများ၍
ကုန်ထုတ်
လုပ်မှုနည်းပါးကာ ဆန်စက်များပိုင်ကြပြီး၊ မွေးမြူရေးအနည်းအကျဉ်းလုပ်ကိုင်ပါသည်။မပြေလည်သော
မိသားစုများသည်လည်းကျပန်းအလုပ်များလုပ်ကိုင်ကာ ရရာအလုပ်လုပ်ကိုင်ကြပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅	၀.၇၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ်တာထိ)	၁၂	၁.၈	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၅	၅.၂၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၄၅	၁၁.၇၅	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၅	၀.၇၅	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၀၂	၁၅	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ မြေယာပိုင်ဆိုင်သူလူဦးရေများသော်လည်းတနိုင်တပိုင်သာဖြစ်၍ အခြားမြေယာမဲ့သူများမှာ လယ်ယာလုပ်ငန်းခွင့်မှအပ အခြားသောအချိန်များ
တွင်ဝင်ငွေရလမ်းမရှိပါ။

(၄.၂.၂) အဓိကသီးနှံများနှင့့် အထွက်နှုန်း
ဇယား (၇) အဓိကသီးနှံများနှင့့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၁၆၅	တင်း	၇၀	၁၀၀	၆၅	ရာသီဥတုဖောက်ပြန်၍ စပါးအထွက်နှုန်းသင့်ပါသည်။
မြေပဲ	၆၅	တင်း	၅၀	၁၂၀	၆၅	မြေပဲအနည်းငယ်သာစိုက်ပျိုး၍ဈေးကောင်းမရသော်ကြောင့့်အကျိုးအမြတ်နည်းပါးသည်။
နှမ်း	၅၀	တင်း	၅	၁၂	၆.၁	နှမ်းအားရောင်းချခြင်းအတွက်မဟုတ်ဘဲမိသားစုစားသုံးရန်အတွက်သာစိုက်ပျိုးကြပါသည်။
နေကြာ	၃	တင်း	၃၀	၇၀	၅၀	နေကြာအားတနိုင်တပိုင်စိုက်ပျိုးကြပါသည်။

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အဓိကသီးနှံဖြစ်သော စပါးအထွက်နှုန်းမှာ အသင့်အတင့်သာရှိပါသည်။ မြေဆီလွှာကောင်းသော်လည်း မိုးရေအချိန်မှန်မရရှိခြင်း၊ အင်္ဂါးအလုပ်သမားများ ၄ါးရမ်းခစျေးကြီးခြင်းတို့ ကြောင့်အထွက်နှုန်းများ အသင့်အတင့်ရှိပါသည်။ပဲနှင့်နှမ်းစိုက်ပျိုးမှုမှာနည်းပါးပါသည်။ကုန်စည်ဒိုင်နှင့် စျေးကွက်မရှိသောကြောင့် အကျိုးအမြတ် ရရှိမှုမှာ နည်းပါးပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၈၂	၄၈၄
နို့စားနွား	-	-
ကျွဲ	၁၂	၁၁၉
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-

မွေးမြူရေးနှင့်ပါ ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဝက်	၃၄	၁၃၆
ကြက်	၉၃	၁၈၀၃
ဘဲ	၂	၁၀
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေခိုူ ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျွဲ၊ နွားများမှာ လယ်ယာသုံးအဖြစ်သာ အသင့်အတင့်မွေးမြူကြပါသည်။

ဝက်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူခြင်းအနည်းငယ်နှင့် တနိုင်တပိုင်မွေးမြူခြင်းများ ရှိပါသည်။

ကြက်၊ဘဲတို့မှာ တနိုင်တပိုင်သာ မွေးမြူကြပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရုပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	၁	၁၅	၁၅	**လတ်**

၂	ထုတ်ကုန်လုပ်ငန်း	၂	၆	၆	နိမ့်
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁	၄	၄	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	-	-	-	
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	၃	၃	နိမ့်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁	၁	၁	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၁	၃	၃	နိမ့်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၁	၁၁	၁၁	လတ်
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ	၁	၃	၃	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများ မှအပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွမ်းကျင်ပညာရှင်များနှင့် ပန်ထမ်းလုပ်ကိုင်သူများအသင်းအတင်းရှိပါသည်။

အရောင်းဝယ်သမားများနှင့် လက်မှုပညာအတတ်နှင့်အသက်မွေးသောသူများမှာ အနည်းငယ်သာရှိပါသည်။

ကျပန်းလုပ်ကိုင်သောသူများမှာလည်း အနည်းငယ်သာရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☒ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☒ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☒ ☐ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ်☒ ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွာမှဈေးသို့ အကွာအဝေးမှာ (၁ မိုင်မှ ၅ မိုင်)အတွင်းရှိပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်အစရှိသည့်တို့ဖြင့် သွားလာရပြီး အကြီးစားဈေးကွက်မှာ မရှိသောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်သွင်းပို့ဆောင်ရာမှာ အကျိုးအမြတ်နည်းပါးပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐ ၆☐	ကောင်း☐ သင့် ☐ ညံ့ ☒	ပွင့်လင်း ရာသီ☒ ☐ တစ်နှစ်ပတ်လုံး ☐	၀–၁ မိုင် ☐ ၁–၅ မိုင် ☒ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐	ကောင်း☐ သင့် ☐ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐	၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐
ရွာချင်းဆက်လမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐ ၆☐	ကောင်း☐ သင့် ☐ ညံ့ ☒	ပွင့်လင်း ရာသီ☒ ☐ တစ်နှစ်ပတ်လုံး ☐	၀–၁ မိုင် ☐ ၁–၅ မိုင် ☒ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ မြေသားလမ်းဖြစ်သည့်အတွက် တစ်ရွာနှင့်တစ်ရွာသွားလာရာတွင် ပွင့်လင်း
ရာသီ၌သာ အသုံးပြုလို့ရပါသည်။မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐✓	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐ ✓	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသယ်ယူပို့ဆောင်ရေးများမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း

ယာဉ်အမျိုးအစား	လှေ၊ သမ္ဗာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာဂျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	၃	၉၀	၁၀၂	၃	-	၃	-	၉၅

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ နွားလှည်းအသုံးပြုမှုကို လယ်ယာလုပ်ငန်းခွင်၌သာ အသုံးပြုကြပါသည်။ ကား၊ သုံးဘီးဆိုင်ကယ်၊ စက်ဘီးနှင့်ဆိုင်ကယ်များသာ အဓိကအသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၅၃
ဆိုလာစနစ်	၄၃
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လျှပ်စစ်မီးရရှိသော်လည်း ဆိုလာသုံးစွဲမှုများလည်း ရှိပါသည်။ မသုံးစွဲနိုင်သေးသော အိမ်ထောင်စုများနည်းပါးပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၂၄	၁၃	၅၁

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ရေဒီယိုသုံးစွဲမှုများ လျော့ပါးလာပါသည်။ အများစုသည် တယ်လီဖုန်းများ သုံးစွဲလာကာ အင်တာနက်ချိတ်ဆက်သုံးစွဲသူများ ပေါများလာပါသည်။တယ်လီဖုန်းနှင့် တီဗွီများသည် အိမ်တိုင်းနီးပါးသုံးစွဲမှုများရှိပါသည်။

---

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၁၅	၃၂	၄၇
အလယ်တန်း	၂၆	၂၃	၄၉
အထက်တန်း	၁၂	၁၃	၂၅
တက္ကသိုလ်/ကောလိပ်	၁၀	၂၉	၃၉

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း အလယ်တန်းကျောင်းသာရှိပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေကြပါသည်။အထက်တန်းကျောင်းတက်ရမည်ဆိုလျှင် အခြားကျေးရွာသို့ သွားရောက်သင်ကြားကြရပါသည်။ ပညာရေးအခြေအနေမှာ အသင့်အတင့်ရှိပြီး မိဘများ၏ပညာရေးအား ပေးမှုများ မြင့်မားပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း ▲ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ▲ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ▲ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၄၁၀၀ စတုရန်းပေ			-			-		
င။ အမှိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်▲□ ညံ့□			ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည် □ မလုံလောက်ပါ ▲ □			လုံလောက်မှုရှိသည် □ မလုံလောက်ပါ □			လုံလောက်မှုရှိသည် □ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် ▲ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် □ တိုက်ကျွေးမှု မရှိပါ▲ □			တိုက်ကျွေးမှုရှိသည် □ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည် □ တိုက်ကျွေးမှု မရှိပါ □		
ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၃	၈	၁၁						
ကျေးရွာခန့်	-	-	-	-	-	-	-	-	-

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ရွာမှကျောင်းသို့ အကွာအဝေးမှာ (၁)မိုင်ခန့်ကွာဝေးပြီး စက်ဘီး၊ခြေလျင် ဖြင့်သွားရပါသည်။ကျောင်းတွင်းရှိ ဆရာ၊ ဆရာမဦးရေနှင့် ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှု မရှိသောကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ကျောင်းတွင် ဂန်ဆောင်မှုများလည်းအားနည်းပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်□	နိမ့်□ ✓	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်□ ✓	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်□ ✓	မရှိ□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိ□✓
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□ ✓	မရှိ□
၆	တီဘီ	မြင့်□	နိမ့်□ ✓	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်□ ✓	မရှိ□
၈	သွေးတိုး	မြင့်□ ✓	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□✓	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□ ✓	မရှိ□
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□ ✓	မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိုးရာသီကာလ၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားဖြစ်ပွားမှုနှုန်းအများအပြားရှိပါသည်။ သွေးတိုးရောဂါ

ဖြစ်ပွားသူများ များပြားပါသည်။အခြားကူးစက်တတ်သောရောဂါများဖြစ်ပွားမှုများ မရှိပါ။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✔	
၂	ဆုံဆို့၊ ကြက်သွေး၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✔	
၃	ပိုလီယိုရောဂါ		✔
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)		✔
၅	ဝက်သက်ရောဂါ		✔
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	✔	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✔

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၈	အာဟာရ ပညာပေး အစီအစဉ်		✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးကူညီစောင့်ရှောက်မှုမရှိသဖြင့် ကျန်းမာရေးတွင် အခက်အခဲများစွာရှိပါသည်။ ကျန်းမာရေးဌာနမရှိသဖြင့် ရောဂါကာကွယ်ဆေးထိုးနှံမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ လွန်ခဲ့သော (၁၂)လအတွင်းနှင့် ယခုလက်ရှိတွင် ရောဂါကာကွယ်ဆေးထိုးနှံမှုမှာ နည်းပါး ကြောင်းတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐✓ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐✓
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐✓ ၁၀ မိုင်အထက် ☐	ရှိ ☐✓ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐✓ ၁၀ မိုင်အထက် ☐	ရှိ ☐✓ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ရွာနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ (၂)မိုင်ခန့်ကွာဝေးပြီး မြို့နယ်ဆေးရုံ အကွာအဝေးမှာ (၁၀)မိုင်ရှိပါသည်။ ထို့ကြောင့် နာမကျန်းဖြစ်သူများနှင့် ကိုယ်ဝန်ဆောင် မီးမဖွားနိုင်သူများ

သည့် မပွင့်လင်းရာသီနှင့် ညအချိန်မတော်များတွင် လမ်းခရီးမဖွံ့ဖြိုးသောကြောင့် သွားလာရခက်ခဲပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၃	ကောင်း□ သင့်□✓ ညံ့□	ရှိ
အဝီစိတွင်း/ စက်တပ်	၂၉	ကောင်း□ သင့်□✓ ညံ့□	ရှိ
အဝီစိတွင်း/ တုံကင်	၆၃	ကောင်း□ သင့်□✓ ညံ့□	ရှိ
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းေ ေ		ကောင်း□ သင့်□ ညံ့□	
ရေကန်		ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ		ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြေမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေလုံလောက်မှုရှိပါသည်။ သို့သော်လည်းသန့်ရှင်းသော သောက်သုံးရေ ရရှိမှု ခက်ခဲပါသည်။ အချို့ရေတွင်းများသည် ရေဆီများပါဝင်မှုရှိပါသည်။ နွေ၊ မိုး၊ ဆောင်း ရေလုံလောက်မှုရှိပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
ရေလောင်း/ယင်လုံအိမ်သာ	၁၀၂
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဆရာမများ မကြာခဏ လာရောက်စစ်ဆေးလေ့ရှိပါသဖြင့် သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုများ ရှိပါသည်။တစ်အိမ်ထောင်စုလျှင် ယင်လုံအိမ်သာ တစ်လုံး သုံးစွဲ
ကြပါသည်။ကျန်းမာရေးအသိပညာများ အသင့်အတင့်ရှိကြပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	-
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	စိုက်ပျိုးရေအချိန်မှန်မရနိုင်သဖြင့်သီးနှံများအထွက်နှုန်းလျော့ကျခြင်း
၃	ရေကြီးခြင်း	ချောင်းရေလွှဲခြင်းကြောင့်လယ်ကွင်းများပျက်စီးခြင်း
၄	မိုးခေါင်ခြင်း	စပါးများအချိန်မှီမစိုက်ပျိုးနိုင်ခြင်း
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	ချောင်းကမ်းပါးတိုက်စားမှုကြောင့်မြေများပြိုကျခြင်း
၁၁	သစ်တောပြုန်းတီးခြင်း	ရာသီဥတုမမှန်ခြင်း
၁၂	ငှက်ဖျားရောဂါ	ပတ်ဝန်းကျင်ညစ်ညမ်းမှု
၁၃	တီဘီရောဂါ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	တိရစ္ဆာန်များသေဆုံးခြင်း
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည့်	ကျန်းမာရေး၊ကုန်သွယ်ရေး၊ပညာရေးနောင့်နှေးခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးအလုံအလောက်မရရှိခြင်း၊ မိုးရေးအချိန်မှန်မရရှိခြင်းတို့မှာ အသင့်အတင့်ရှိပါသည်။ ရေကြီးခြင်း၊ငလျင်လှုပ်ခြင်းတို့မှာ အနည်းငယ်သာရှိပါသည်။ ထို့ကြောင့် ကျေးရွာ၏

သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ အသင့်အတင့်ရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာအခြေအနေ	လတ်	
အပင်မျိုးစိတ်များ	လတ်	
ရေအရင်းအမြစ်	လတ်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝထိန်းသိမ်းခြင်းလုပ်ငန်းများ မရှိပါ။ သဘာဝအရင်းအမြစ်များရှားပါးလာပါသည်။တိရစ္ဆာန်မျိုးကွဲများမှာ မရှိသလောက်ရှားပါးပါသည်။ ရေအရင်းအမြစ်ရရှိမှုမှာ အသင့်အတင့်ရှိပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* □✓	*မရှိ* □
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* □✓	*မရှိ* □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊

အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်ပါဝင်မှုတွင် အမျိုးသမီးများ နည်းပါးပါသည်။
အစည်းအဝေးတက်ရောက်မှုများတွင် အမျိုးသမီးများ
တက်ကြွစွာပါဝင်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများ
လုပ်ဆောင်ရာတွင် အမျိုးသားများဦးဆောင်ကြပြီး အမျိုးသမီးများလည်းပါဝင်လေ့ရှိပါသည်။